အောက်တိုဘာ ၂၀၁၉

အောင်မြင်သော ခရီးလမ်း

## စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများနှင့် ဗဟုသုတများ မျှဝေခြင်းဖြင့် ရှမ်းပြည်နယ်မှ အမျိုးသမီးတောင်သူများ၏ စွမ်းဆောင်ရည် မြှင့်တင်



ဓာတ်ပုံ - နနွင်းစိုက်ခင်းကို ပြုပြင်နေသော ဒေါ်မီးငယ်

"လယ်ယာစိုက်ပျိုးတာက ကျွန်မဘဝရဲ့ ကြီးမားတဲ့ အစိတ်အပိုင်း ပါပဲ" ဟု ဒေါ်မီးငယ်က ပြောပါသည်။ "ကလေးဘဝက အဖေ့ကို လယ်ထဲ လိုက်ကူပေးခဲ့တာ အခုဆိုရင် ကျွန်မတို့ ရွာထဲ သီးနှံစိုက်ပျိုးသူများ အသင်းရဲ့ ဒု-ဥက္ကဌဖြစ်နေပါပြီ။"

ရှမ်းပြည်တောင်ပိုင်း လွယ်မွန်ရွာမှ အသက် ၃၅ နှစ်ရှိ ဒေါ်မီးငယ်သည် ခင်ပွန်း၊ သမီးနှစ်ယောက်နှင့်အတူ မိသားစုလယ်တောထဲတွင် ပြောင်း၊ စပါး၊ နနွင်း၊ ကြက်သွန်ဖြူ၊ ချင်း (ဂျင်း) တို့ကို စိုက်ပျိုးရင်း နေထိုင်ပါသည်။ သီးနှံစိုက်ပျိုးသူများအသင်း ဒုဥက္ကဌ အဖြစ် ရွေးချယ်ခံရပြီးသည်မှစ၍ တောင်သူ မ ၉ ဦး၊ ကျား ၆ ဦး ပါဝင်သည့် အဖွဲ့ဝင်များ အတွက် သတင်းအချက်အလက်ဝေမျှခြင်း၊ သင်တန်းစီစဉ်ပေးခြင်း တို့ကို ဦးဆောင် လုပ်ကိုင်လျက်ရှိပါသည်။

ဒေါ်မီးငယ်တို့ ရပ်ရွာတွင် ရိုးဖလာဓလေ့ထုံးတမ်းအရ ယောကျ်ားများကို အိမ်ထောင်ဦးစီးအဖြစ် သတ်မှတ်ကြပြီး လယ်ယာ စိုက်ပျိုးရေး သင်တန်းများတွင် အများအားဖြင့် အမျိုးသမီးများထက် အမျိုးသားများကို ဦးစားပေးကြသည်။ ထို့ကြောင့်အမျိုးသမီးတောင်သူများအနေဖြင့် သီးနှံအထွက်တိုးပြီး ဝင်ငွေတိုးစေရန်အတွက် အထောက်အပံ့များရယူရာတွင် အခက်အခဲများ ကြုံကြရပါသည်။ သီးနှံစိုက်ပျိုးသူများအသင်း ဖွဲ့စည်းပြီးနောက် အမျိုးသမီးတောင်သူများ အခြေအနေ ပြောင်းလဲခဲ့ပါပြီ။

၂၀၁၇ ခုနှစ်တွင် Myanmar Institute for Integrated Development (MIID) အဖွဲ့မှ အကောင်အထည်ဖော်သည့် "တောင်သူငယ်များ အထူးသဖြင့် အမျိုးသမီးများအတွက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဈေးကွက်အခွင့်အလမ်းမြှင့်တင်ရေး" စီမံကိန်းကို UK aid ကရန်ပုံငွေထောက်ပံ့ပြီး DAI Europe ၏ပံ့ပိုးမှုဖြင့် လုပ်ဆောင်နေသည့် DaNa Facility အဖွဲ့၏ ငွေကြေးပံ့ပိုးမှုဖြင့် အကောင်အထည်ဖော်လျက်ရှိပြီး စီမံကိန်းမှတစ်ဆင့် တောင်သူများ

> "အမျိုးသမီးတွေ အချင်းချင်း
> စိုက်ပျိုးရေးအတွေ့အကြုံ ဗဟုသုတတွေကို
> ပွင့်ပွင့်လင်းလင်း ဝေငှလာကြပါပြီ။"

အတွက် ကောင်းမွန်သောစိုက်ပျိုးရေး အလေ့အကျင့် (GAP) ကို မိတ်ဆက်ခဲ့ပါသည်။

GAP စိုက်ပျိုးနည်းစနစ်ကို လွယ်မွန်၊ ထမ်ဆမ်၊ သုခလှိုင်ဒီ ကျေးရွာတို့မှ တောင်သူလယ်သမား သင်တန်းကျောင်းများ၊ သီးနှံစိုက်ပျိုးသူများအသင်းနှင့် စံပြစိုက်ကွက်များတွင် အသုံးချနိုင်ရန် ပံ့ပိုးပေးခဲ့ပါသည်။ သီးနှံစိုက်ပျိုးသူ အသင်းဝင်များအနေဖြင့် တောင်သူလယ်သမား လက်တွေ့ကွင်းဆင်းမှုနှင့် သင်တန်းကျောင်း တက်ရောက်ခွင့်ရစေရန် သီးနှံ စိုက်ပျိုးသူများအသင်း ဒုဥက္ကဌ ဒေါ်မီးငယ်မှ တာဝန်ယူဆောင်ရွက်ပေးရပါသည်။ စီမံကိန်း၏ စုပေါင်းအရောင်းဒိုင်တွင် ဘဏ္ဍာရေးမှူး အဖြစ်လည်း ဆောင်ရွက်ပြီး စုပေါင်းရောင်းချရေး သဘောတူညီချက်များအတွက် လက်မှတ်ထိုးပေးရပါသည်။

သူမ၏လုပ်ငန်းတာဝန်များ ဤနေရာတွင် မပြီးပြတ်သေးပါ။ "သီးနှံဈေးနှုန်းသတင်း အချက်အလက်တွေ၊ GAP စိုက်ပျိုးနည်း ဗဟုသုတတွေကို အခြားလယ်သမားတွေနဲ့ ဝေမျှပေးပါတယ်။ GAP စိုက်ပျိုးနည်း လက်တွေ့သင်တန်းတက်ထားတော့ လယ်သမားတွေလာပြီး GAP နည်းအကြောင်းတွေ မေးတိုင်း ရှင်းပြနိုင်ပါတယ်။"

စီမံကိန်းမှ အကျိုးဖြစ်ထွန်းသူမှာ ဒေါ်မီးငယ် တစ်ဦးတည်း မဟုတ်ပါ။ စီမံကိန်းတာဝန်ခံများက အမျိုးသမီးများကို လုပ်ငန်းဆောင်ရွက်ချက်များတွင် ပါဝင်ရန်တိုက်တွန်းအားပေးပါသည်။ ပါဝင်မှုများလေလေ အမျိုးသမီးတောင်သူများ မိမိကိုယ်ကို ယုံကြည် စိတ်ချမှု တိုးတက်လေလေဖြစ်ပါသည်။ တောင်သူလယ်သမားသင်တန်းကျောင်းများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု လစဉ်တိုးတက်လျက်ရှိပြီး ယခုအခါတွင် အမျိုးသမီး စုစုပေါင်း၂၆၀ (သင်တန်းတက်ရောက်သူများထဲမှ ၅၅ ရာခိုင်နှုန်းခန့်) ရှိနေပါပြီ။

"ကျွန်မတို့ရွာက အမျိုးသမီးတွေက သူတို့သိတဲ့ စိုက်ပျိုးရေးအလေ့အထကောင်းတွေ၊ အတွေ့အကြုံတွေကို အချင်းချင်း ပွင့်ပွင့်လင်းလင်း ဝေငှလာကြပါပီ။ ဒီနှစ်ရွာရဲ့ စံပြစိုက်ကွက် ၈ကွက်မှာ ၅ကွက်က အမျိုးသမီးတောင်သူတွေ ဦးဆောင်တာ ဖြစ်ပါတယ်။" ဟုဒေါ်မီးငယ်ကပြောပါသည်။

၂၀၁၇ ခုနှစ် စီမံကိန်းစတင်ကတည်းက ပါဝင်သည့် အိမ်ထောင်စု ၄၉၀မှ ဝင်ငွေ ၆၇ရာခိုင်နှုန်း တိုးတက်လာကာ ချင်း (ဂျင်း) အရည်အသွေးကောင်းပြီး အထွက်တိုးသောကြောင့် တစ်ဧကလျှင် မြန်မာကျပ်ငွေ ၁,၀၆၂,၇၇၉ (စတာလင်ပေါင် ၅၆၉)ခန့် အမြတ်အစွန်း ရရှိခဲ့ပါသည်။

October 2019

## SUCCESS STORY:

# Knowledge Sharing and Improved Agriculture Practices Empowering Women Farmers in Shan State



Daw Mie Nge tending to her turmeric field

> "Women have become more confident to share their experiences and knowledge with each other."

"Farming has always been a big part of my life," said Daw Mie Nge. "I used to help my father on our farm when I was a young girl and now I'm Vice-Chairwoman of the Crop Producer Group in my village."

Daw Mie Nge, a 35-year-old farmer from Loi Mon Village, Southern Shan State, lives with her husband and two daughters on the family farm where they grow corn, rice, turmeric, garlic, and aromatic ginger. Since her election as Vice-Chairwoman of the Crop Producer Group, she has played a key role sharing information and organizing training for her group members, including nine female and six male farmers.

In Daw Mie Nge's community, men are considered the head of the household, and as a result, agricultural training often prioritises men over women. This makes it difficult for women farmers to get the support they need to increase crop yields and improve their incomes. The establishment of Crop Producer Groups has started to change this situation.

In 2017, the 'Improving Market Opportunities for Smallholder Farmers, Especially Women, in the Pa-O Self-Administered Zone' project, implemented by the Myanmar Institute for Integrated Development (MIID) with financial support from the UK aid funded DaNa Facility implemented by DAI Europe, began introducing Good Agricultural Practices (GAP) in Shan State.

The project supports the application of GAP through Farmer Field Schools, Crop Producer Groups, and demonstration plots in Loi Mon, Htan Hsam and Thu Kha Loi Di villages in Shan State. As Vice-Chairwoman of the Crop Producer Group, Daw Mie Nge is responsible for making sure that members have the opportunity to attend Farmer Field School sessions and training. She is also treasurer for the project's Collective Selling Centre, and has acted as signatory for collective selling agreements.

Her responsibilities do not end there: "I share market price information with other farmers as well as my knowledge of GAP; some farmers come and ask me about GAP methods and I can explain because I have received the practical training."

Daw Mie Nge is far from the only female farmer to benefit from the project. Women have been encouraged to participate in project activities and with greater inclusion comes greater confidence. Women's participation in Farmer Field Schools is increasing every month and currently totals 260 women, 55% of all trainees.

"Women have become more confident to share their experiences and knowledge with each other. This year, five of the eight demonstration plots will be led by women," said Daw Mie Nge.

Since the project began in 2017, the 490 participating households have seen their incomes rise by an average of 67%, with increased yields and higher quality of ginger generating profits of up to 1,062,779 MMK (£569) per acre.